# နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 76 , November 28, 2020)

၁။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေး လှုပ်ရှားမှု မြစ်ကြီးနားတွင် ပြုလုပ်

၂။ ကယားပြည်နယ်နေ့ကျောင်းပရာမြေနေရာများအား ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျပ်သန်းပေါင်း ၅၆၀ ကျော်ဖြင့် ဆောင်ရွက်နေ

၃။ ပြည်သူတွေအချိန်မရွေးဆက်သွယ်ဖို့ KySDP ကအနိုင်ရ ကိုယ်စားလှယ်တွေ ဖုန်းနံပါတ်ထုတ်ပြန်

၄။ NLD အစိုးရရဲ့ ငြိမ်းချမ်းရေးဆောင်ရွက်မှု အားနည်းနေသေးတယ်လို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးသပ်

၅။ ဒီမိုကရေစီစံနှုန်းနဲ့ မကိုက်ညီတဲ့ဒေသန္တရအမိန့်တွေကို ရုတ်သိမ်းပေးဖို့ လွှတ်တော်ကော်မတီမှတဆင့် အရပ်ဖက်အဖွဲ့ အစည်းတင်ပြတောင်းဆို

၆။ အမည်စာရင်းချန်ထားခံရသည့် ပဒေသရာဇ်ခေတ် ကရင်ကျွဲခုံးအက ပြန်လည်တင်သွင်းမည်

၇။ လာမည့်အစိုးရသက်တမ်းတွင် ကရင်လူထုဖွံ့ဖြိုးရေးပညာပေးလုပ်ငန်းများ ဦးစားပေးလုပ်ဆောင်မည်ဟု ဂျိမိုးမြတ်မြတ်သူပြော

၈။ ချင်းစစ်ဘေးရှောင် ဒုက္ခသည်အများစုနေထိုင်သည့် အမ်းမြို့တွင် အလှူရှင်များရှားပါးလာမှုကြောင့် အခက်အခဲဖြစ်နေ

၉။ လယ်မြေပိုင်ရှင်များ၏ သဘောတူညီချက်မရှိဘဲ နွယ်ချောင်းဆည်တည်ဆောက်ရန် ပြင်ဆင်မှု အာဏာရှင်အစိုးရ ဖြစ်ကြောင်းဖော်ပြနေဟု လယ်မြေပိုင်ရှင်များပြော

၁၀။ ပလက်ဝမြို့နယ်တွင် အင်တာနက်ကွန်ယက် 4G ပြန်ဖွင့်ပေးရန် ဒေသခံများလိုလား

၁၁။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် ဦးထိုက်ဇော်လုပ်ကြံခံရမှု အထူးအမှုစစ်အဖွဲ့ စတင်စစ်ဆေး

၁၂။ မိုးကုတ်မြို့တွင် ပစ်ခတ်သံများ ကြားနေရ

၁၃။ ကျိုက်မရောမြို့နယ် NLD ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်ပွဲဥပဒေဖြင့်အမှုဖွင့်

၁၄။ NLD ပေးပို့သည့်စာအပေါ် ကြိုဆိုအသိအမှတ်ပြုသော်လည်း အကြောင်းပြန်ကြားရန် လိုအပ်လိမ့်မည်မဟုတ်ကြောင်း MUP ဆို

၁၅။ မူးယစ်ဆေးလာဖြတ်သူ လစဉ်တိုးများလာသဖြင့် မွန်ပြည်သစ်ပါတီသထုံခရိုင်တွင် စားနပ်ရိက္ခာနှင့်နေရာ အခက်အခဲဖြစ်

၁၆။ ကျောက်တော်မြို့နယ်ဘုရားပေါင်းနှင့်တောင်ပေါက်ကျေးရွာမီးရှို့ခံရမှု နိုင်ငံပိုင်သတင်းစာများက ရေးသားမှုနှင့်ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ လွှတ်တော်ကိုယ်စားလှယ် ၃ ဦးသို့အကြောင်းပြန်

၁၇။ **အစိုးရသစ်လက်ထက် စစ်ဘေးရှောင်ကိစ္စ ဦးစားပေးအစီအစဉ်တွင် ပါရှိဟုဆို**

၁၈။ **NLD က မနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အနိုင်ရသော်လည်း ဥက္ကဋ္ဌနေရာရရန် မသေချာ**

*******************

## ၁။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေး လှုပ်ရှားမှု မြစ်ကြီးနားတွင် ပြုလုပ်

(24 November 2020)

'အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ဥပဒေဖြင့် ကာကွယ်ပေး' ဆောင်ပုဒ်ဖြင့် လူငယ်အယောက် ၃၀ ခန့်က မြစ်ကြီးနားမြို့တွင်း စက်ဘီးစီးကမ်းပိန်းတစ်ခုကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

နိုဝင်ဘာလ ၂၃ ရက်နေ့ မနက်ပိုင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင်း စက်ဘီးစီးကမ်းပိန်းတစ်ခုကို အမျိုးသမီးအများ အပေါ်အကြမ်းဖက်မှု အလုံးစုံမှ ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ဖြင့် Htoi Gender and Development Foundation အဖွဲ့အစည်းမှ ဦးဆောင်ပြီး ပြုလုပ်ခြင်းဖြစ်သည်ဟုသိရသည်။ အမျိုးသမီးနှင့် မိန်းကလေးငယ်များကို လိင်ပိုင်းဆိုင်ရာစော်ကားမှုများ၊ ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုသော်လည်းကောင်း၊ ကိုယ်အမူအရာအားဖြင့်သော်လည်းကောင်း အကြမ်းဖက်မှု လျှော့ပါးသွားဖို့မျှော်လင့်ခြင်းကြောင့် ပြုလုပ်ရသည်ဟုပြောသည်။ ထိုသို့ စက်ဘီးစီးကမ်းပိန်းတွင် လာရောက်ပါဝင်လှုပ်ရှားသူတစ်ယောက်အနေဖြင့်လည်း သူ၏ လာရောက်ပါဝင်ရခြင်းအကြောင်းရင်းကို ယခုကဲ့သို့ပြောသည်။

Htoi Gender and Development Foundation သည် အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုပေါင်းစုံအတွက် အခမဲ့ဥပဒေဖြင့် အရေးယူဖြေရှင်းပေးနေတာဖြစ်ပြီး အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးအတွက် တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ https://burmese.kachinnews.com/2020/11/24/l2-27/

*****************

## ၂။ ကယားပြည်နယ်နေ့ကျင်းပရာမြေနေရာများအား ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျပ်သန်းပေါင်း ၅၆၀ ကျော်ဖြင့် ဆောင်ရွက်နေ

(November 25, 2020)

ကယားပြည်နယ်နေ့ နေ့ထူးနေ့မြတ်ကျင်းပရာကွင်းနေရာကို အများပြည်သူသွားလာရေး အဆင်ပြေစေဖို့အတွက် လူထုရဲ့ တင်ပြတောင်းဆိုချက်အရ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်တယ်လို့ လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးသန်းထွန်းထံမှ သိရပါတယ်။

ကယားပြည်နယ် ရံပုံငွေ ကျပ်သန်းပေါင်း ၅၆၀ ကျော် ကိုအသုံးပြုပြီး တင်ဒါအောင်တဲ့ ကုမ္ပဏီတွေဖြစ်ကြတဲ့ Royal Copper Company၊ Royal Thiridaw Company၊ Kayah Golden Brother Company တို့က လုပ်ငန်းဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။ ကယားပြည်နယ်နေ့ပွဲတော်ကို လာလည်ကြသူအနေနဲ့ အဆင်ပြေစွာ လည်ပတ်နိုင်ရေး၊ စည်ပင်သာယာရေးအပိုင်းအနေနဲ့လည်း သန့်ရှင်းရေးလုပ်ရလွယ်ကူခြင်း၊ ဈေးဆိုင်တန်းများ အဆင်ပြေစွာနေရာချထားနိုင်ခြင်း စတဲ့အားသာချက်တွေဖြစ်တယ်လို့ ဦးသန်းထွန်းက ရှင်းပြပါတယ်။

အဆိုပါ ကယားပြည်နယ်နေ့ကျောင်းပရာမြေနေရာ ကွန်ကရစ်ခင်းခြင်းကို ၂၀၂၀-၂၁ ဘဏ္ဍာရေးနှစ်ဖြင့် ၂၀၂၀အောက်တိုဘာလမှ ၂၀၂၁ အောက်တိုဘာလအထိ ဆောင်ရွက်သွားမယ်လို့သိရပါတယ်။ လက်ရှိအချိန်မှာတော့ တင်ဒါရကုမ္ပဏီမှ မြေနေရာကွန်ကရစ်ခင်းခြင်းကို စတင်ဆောင်ရွက်လျက်ရှိပါတယ်။

https://www.kantarawaddytimes.org/%e1%80%80%e1%80%9a%e1%80%ac%e1%80%b8%e1%80%95%e1%

*******************

## ၃။ ပြည်သူတွေအချိန်မရွေးဆက်သွယ်ဖို့ KySDP ကအနိုင်ရ ကိုယ်စားလှယ်တွေ ဖုန်းနံပါတ်ထုတ်ပြန်

(November 26, 2020)

ကယားပြည်နယ်ဒီမိုကရက်စတစ်ပါတီ (KySDP)မှ အခုရွေးကောက်ပွဲမှာ အနိုင်ရရှိတဲ့ကိုယ်စားလှယ်တွေရဲ့ ဖုန်းနံပါတ်၊ ဖေ့စ်ဘွတ်အကောက်၊ အီးမေးလ်တွေကို Kayah State Democracy Party Facebook Page မှတဆင့် ထုတ်ပြန်လိုက်ပါတယ်။

အခုလိုထုတ်ပြန်လိုက်တာက ပြည်သူတွေနဲ့ အလွယ်တကူဆက်သွယ်နိုင်ဖို့ဖြစ်တယ်လို့ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (KySDP) အတွင်းရေးမှူး ဦးသဲရယ်ကပြောပါတယ်။ ပြည်သူလူထုဆီမှာဖြစ်ပေါ်နေတဲ့ အခက်အခဲတွေ၊ပြဿနာတွေ၊ သူတို့ဒေသမှာ အခက်အခဲရှိနေတာကဘာတွေလဲဆိုတဲ့ဟာတွေ သူတို့ပြောပြလာတဲ့အပေါ်မှာပြန်တုံ့ပြန်မှာဖြစ်ပြီး အနည်းဆုံး မကူညီနိုင်ရင်တောင် လမ်းညွှန်မှုပေးတဲ့အပိုင်းတွေ ဆောင်ရွက်ပေးသွားမယ်လို့ သူကဆက်ပြောပါတယ်။ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ(KySDP)က ကိုယ်စားလှယ် ၈နေရာအထိအနိုင်ရရှိထားပါတယ်။

ကယားပြည်နယ်မှာ လွှတ်တော်နေရာ၂၀အထိ အနိုင်ရရှိထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)က ရွေးကောက်ပွဲမတိုင်ခင် ပါတီကနေ လူမှုကွန်ယက်စာမျက်နှာတွေဖွင့်ထားခိုင်းတာရှိပြီး အဲ့ကနေတဆင့်ဆက်သွယ်နိုင်တယ်လို့ သိရပါတယ်။ တချို့သောအနိုင်ရသူတွေရဲ့ ဖုန်းနံပါတ်တွေကို ကန္တာရဝတီတိုင်း(မ်)ကနေ ဆက်သွယ်ရာမှာ ဖုန်းတွေ လက်ခံမြေကြားခြင်းမရှိပါဘူး။

https://www.kantarawaddytimes.org/%e1%80%95%e1%80%bc%e1%80%8a%e1%80%ba%e1%80%9e%e1%80

******************

## ၄။ NLD အစိုးရရဲ့ ငြိမ်းချမ်းရေးဆောင်ရွက်မှု အားနည်းနေသေးတယ်လို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးသပ်

(November 26, 2020)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဦးဆောင်တဲ့ အစိုးရသက်တမ်း ၅ နှစ်သက်တမ်းကာလအတွင်း တိုင်းရင်းသားတွေရဲ့ ငြိမ်းချမ်းရေးရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ လူမျိုးစုတိုင်းရဲ့ဆန္ဒကို မဖော်ဆောင်နိုင်ခဲ့ဘူးလို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက သုံးသပ်ထားကြပါတယ်။

ငြိမ်းချမ်းရေးလိုချင်ပေမယ့် ငြိမ်းချမ်းရေးရဲ့ အဓိကလိုအပ်ချက်တွေကိုမလုပ်မိသေးဘူးလို့ ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး – က.လ.လ.တ(KNPLF) ဗဟိုကော်မတီဝင် ဦးအောင်သန်းမြင့်က ပြောပါတယ်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) လှိုင်ကော်ဆက်ဆံရေးရုံးတာဝန်ခံခူးမီရယ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ထိုးဖို့ကိုဦးစားပေးနေတဲ့အတွက် ငြိမ်းချမ်းရေးမှာပြောင်းလဲမှုသိသိသာသာ မတွေ့ရတော့ဘူး

လို့ပြောပါတယ်။ လာမယ့် ၅ နှစ်သက်တမ်းအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းအောင်မြင်ဖို့ ၂၁ ရာစုပင်လုံညီလာခံ ဆွေးနွေးပွဲတွေမှာ တိုင်းရင်းသားတွေလိုလားတဲ့ ဖယ်ဒရယ်အရေးတို့နဲ့ ပတ်သက်ပြီးရလဒ်ကောင်းတွေထွက်ဖို့ လိုတယ်လို့ နိုင်ငံရေးလေ့လာသုံးသပ်သူတွေကပြောပါတယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP ဦးဆောင်ခဲ့တဲ့ အစိုးရလက်ထက်မှာတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့က ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှာ အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေး ထိုးခဲ့ကြပြီး NLD အစိုးရလက်ထက် ၂၀၁၈ ဖေဖော်ဝါရီလ ၁၃ ရက်မှာတော့နောက်ထပ် တိုင်းရင်းသားလက်နက်ကိုင် ၂ ဖွဲ့သာ NCA ကို ထပ်မံရေးထိုးခဲ့ကြတာဖြစ်ပါတယ်။

https://www.kantarawaddytimes.org/nld-%e1%80%a1%e1%80%85%e1%80%ad%e1%80%af%e1%80%b8%e1%80%9b%e1%80%9b%e1%80%b2%e1%80

****************

## ၅။ ဒီမိုကရေစီစံနှုန်းနဲ့ မကိုက်ညီတဲ့ဒေသန္တရအမိန့်တွေကို ရုတ်သိမ်းပေးဖို့ လွှတ်တော်ကော်မတီမှတဆင့် အရပ်ဖက်အဖွဲ့အစည်းတင်ပြတောင်းဆို

(November 26, 2020)

လက်ရှိအစိုးရလက်ထက်မှာ ဒီမိုကရေစီစံနှုန်းနဲ့မကိုက်ညီတဲ့ဒေသန္တရအမိန့်တွေကို ရုတ်သိမ်းပေးဖို့ အရပ်ဖက်အဖွဲ့အစည်းတွေစုပေါင်းဆွေးနွေးကြပြီး ကယားပြည်နယ်လွှတ်တော်မှတဆင့် တင်ပြတောင်းဆိုသွားမယ်လို့ LAIN နည်းပညာပြုအထောက်အကူအဖွဲ့မှ ကိုကျော်ထင်အောင်ကပြောပါတယ်။

၂၀၁၇မေလက စတင်ထုတ်ပြန်ခဲ့တဲ့ ပြည်နယ်အစိုးရရဲ့ ဒေသန္တရအမိန့်တွေကြောင့် အရပ်ဖက်အဖွဲ့အစည်းတွေရဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ဆောင်ရွက်ခွင့် ပွဲကျင်းပခွင့်တွေကို ဟန့်တားမှုတွေရှိခဲ့ပြီး တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ လွတ်လပ်စွာ စာပေယဉ်ကျေးမှု၊ ရိုးရာဓလေ့ဖော်ဆောင်ခွင့်တွေကို ကန့်သတ်ထားတဲ့အတွက် ကယားပြည်နယ်လွှတ်တော် တိုင်းရင်းသားအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကော်မတီနဲ့ ပူးပေါင်းဆွေးနွေးပြီး အပြုသဘောဆောင်တဲ့ ဝေဖန်သုံးသပ်မှုတွေ လုပ်ဆောင်ခဲ့တယ်လို့သိရပါတယ်။

ဒေသန္တရအမိန့်တွေနဲ့ အရပ်ဖက်အဖွဲ့အစည်းတွေက် ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ သင်တန်းတွေပြုလုပ်မယ်ဆိုရင် ၁၅ရက်ကြိုတင်ခွင့်ပြုမိန့်တောင်းခံရမှာဖြစ်ပြီး အစိုးရခွင့်ပြုမိန့်ရမှသာ ကျင်းပခွင့်ပြုမယ်ဆိုတဲ့အခြေအနေဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးရေး အဟန့်အတားဖြစ်စေတယ်လို့ အရပ်ဖက်အဖွဲ့အစည်းတွေက သုံးသပ်ပြောဆိုကြပါတယ်။ အစိုးရက ကန့်သတ်ထားတဲ့အကြောင်းအရာတွေကို အရပ်ဖက်အဖွဲ့အစည်းတွေက အစိုးရ၊ လွှတ်တော်တွေနဲ့ ညှိနှိုင်းဆွေးနွေးမှုမှာ တင်ပြခဲ့ပေမယ့်လည်း မရုတ်သိမ်းပေးဘဲ ဆက်လက်တင်းကြပ်မှုတွေ ပြုလုပ်လာတယ်လို့ အရပ်ဖက်အဖွဲ့အစည်းတွေက ဝေဖန်ပြောဆိုကြပါတယ်။ https://www.kantarawaddytimes.org/

*********************

## ၆။ အမည်စာရင်းချန်ထားခံရသည့် ပဒေသရာဇ်ခေတ် ကရင်ကျွဲဒုံးအက ပြန်လည်တင်သွင်းမည်

(November 24, 2020)

ကမ္ဘာ့ကုလသမဂ္ဂ၏ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း (UNSCO)မှ အသိအမှတ်ပြုနိုင်ရန် ပြည်ထောင်စုအဆင့်တွင် ကနဦးတင်သွင်းမည့် ကရင်ဒုံးအကထဲမှ ပဒေသရာဇ်ခေတ် ကရင်ကျွဲဒုံးအက ပါဝင်လာခြင်းမရှိသည့်အတွက် ကရင်းဒုံးအကပညာရှင်များမှ ပြန်လည်တင်သွင်းမည်ဟု သိရသည်။
ကရင်ဒုံးအက အမည်စာရင်းတင်သွင်းရန် ပညာရှင်အဖွဲ့များမှ ကျပ်သိန်း ၆၀၀ တင်ပြထားသော်လည်း ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ကျပ်သိန်း ၃၀၀ သာ ချထားပေးပြီး ချန်ထားခံရသည့် ကျွဲဒုံးအကကိုလည်း ပြင်ပအလှူရှင်များထံ အကူအညီ တောင်းခံကာ ပြန်လည်ထည့်သွင်းမည်ဟု ကရင်ဒုံးအကပညာရှင်များနှင့် ဘဏ္ဍာရေးအဖွဲ့တာဝန်ရှိသူများထံမှ သိရသည်။

ကရင်ဒုံးအကကို UNSCO သို့ အမည်စာရင်းတင်သွင်းနိုင်ရန် ပြီးခဲ့သည့် ဇွန် ၂၆ ရက်တွင် ဖားအံမြို့ ဇွဲကပင်ခန်းမ ၌ ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် အစိုးရဌာနဆိုင်ရာပညာရှင်များနှင့် ကရင်ဒုံးအကပညာရှင်းများက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဒုံးအက သမိုင်းကြောင်း ဖော်ထုတ်ပြသနိုင်ရန် ဖားအံ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်မြို့နယ်တွင် ကနဦးကွင်းဆင်းသုတေသန မှတ်တမ်းများ စတင်ပြုစုကာ လာမည့်မတ်လတွင် ပြည်ထောင်စုအဆင့် အမည်စာရင်း တင်သွင်းရန်လျာထားပြီး ရွေးချယ်ခံရပါက ယူနက် စကိုအဖွဲ့ထံကို ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် တင်သွင်းရမည်ဟု ပညာရှင်အဖွဲ့များထံမှ သိရသည်။

%ba%e1%80%94%e1%80%b9%e1%80%91%e1%80%ac%e1%80%b8%e1%80%81%e1%80%b6%e1%80%9b%e1%80%9e%e1%80%8a/

********************

## ၇။ လာမည့်အစိုးရသက်တမ်းတွင် ကရင်လူထုဖွံ့ဖြိုးရေးပညာပေးလုပ်ငန်းများ ဦးစားပေးလုပ်ဆောင်မည်ဟု ဂျဲမိုးမြတ်မြတ်သူပြော

(November 26, 2020)

လာမည့်အစိုးရသက်တမ်းကာလအတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မိမိတို့ကရင်တိုင်းရင်းသားများ၏ အသိပညာပိုင်းဆိုင်ရာ ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် ပညာပေးရေးလုပ်ငန်းများကို အဓိကဦးစားပေးလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ကရင်ရေးရာဝန်ကြီးဂျဲမိုးမြတ်မြတ်သူက ပြောသည်။

ထို့အပြင် အခြားသောဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုဖြစ်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဦးစားပေး လုပ်ဆောင်သွားမည်ဖြစ်ပြီး အရှိန်ရနေသည့်စာပေယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးရေးကို ဒုတိယဦးစားပေးအနေဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ဂျဲမိုးမြတ်မြတ်သူက ဆက်ပြောသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း လူမှုဖွံ့ဖြိုးရေး အကျိုးပြုလုပ်ငန်းများကို အများဆုံးကူညီလုပ်ဆောင်ပေးနေသည့် လူမှုအဖွဲ့အစည်းပေါင်း ၆၀ ထက်မနည်း ရှိနေကြောင်းသိရပြီး အစိုးရအနေဖြင့် အဆိုပါလူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်မှုများ အားနည်းနေသေးသည်ဟုလည်း ဒေသတွင်းလူမှုအဖွဲ့အစည်းများဘက်က ပြောဆိုမှုများရှိနေသည်။

ထို့အတူ လာမည့်အစိုးရသက်တမ်းကာလအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဦးစားပေးလုပ်ဆောင်သွားမည်ဆိုသည့် ဂျဲမိုးမြတ်မြတ်သူ၏ ပြောကြားချက်အပေါ် ကြိုဆိုထောက်ခံမှုများရှိသော်လည်း အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းများမှာ မိမိတို့ကရင်

လူထုအပေါ်ထိခိုက်လာစေသည့် ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များမဖြစ်ရန် မျှော်လင့်ကြောင်းလည်း မန်းဂီးဒယန်ကပြောသည်။
http://kicnews.org/2020/11/

*****************

## ၈။ ချင်းစစ်ဘေးရှောင် ဒုက္ခသည်အများစုနေထိုင်သည့် အမ်းမြို့တွင် အလှူရှင်များရှားပါးလာမှုကြောင့် အခက်အခဲဖြစ်နေ

(November 26, 2020)

ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ ချင်းလူမျိုး စစ်ဘေးရှောင်ဒုက္ခသည်အများစုနေထိုင်သည့် ဒုက္ခသည်စခန်းများတွင် အလှူရှင်ရှားပါးလာမှုကြောင့် အခက်အခဲရှိလာကြောင်း ဒုက္ခသည်များအားကူညီပေးနေသည့် ချင်းလူသားချင်း ကူညီထောက်ထားရေးအသင်း (Chin Humanitarian Assistance Team– Rakhine State)မှ ဆလိုင်းဇော်မင်းထွန်းထံမှ သိရသည်။

အစိုးရအနေဖြင့် အမ်းစစ်ဘေးရှောင်များအတွက် သုံးလစာ စားသောက်စာရိတ် ကျပ်သိန်း ၁၅၀၀ ထုတ်ပေးထားသော်လည်း ပထမလဖြစ်သည့် ဩဂုတ်လအတွက်သာ ရရှိခဲ့ပြီး နောက်နှစ်လအတွက် ရရှိခဲ့ခြင်းမရှိခြင်းကြောင်း သိရသည်။ အမ်းစစ်ဘေးရှောင်များအတွက် အလှူရှင်ရှားပါးလာမှုကြောင့် စစ်ဘေးရှောင်များအနေဖြင့် အခြေခံစားသောက်ကုန်ဖြစ်သည့် ဆန်၊ဆီ၊ဆားအပြင် အိုး၊ခွက်ပန်ကန် နဲ့ အနွေးအထည်၊ စောင်များလည်း မရှိသဖြင့် အခက်အခဲကြုံနေရကြောင်းသိရသည်။

အမ်းမြို့အတွင်းရှိ စစ်ရှောင်ဒုက္ခသည်စခန်း (၁) တွင် လူဦးရေ ၂၀၀ ကျော်၊ ဒုက္ခသည်စခန်း (၂)တွင် လူဦးရေ ၄၀၀ ကျော်၊ ပြင်ပတွေ အိမ်ငှားရမ်းနေထိုင်သူနှင့် စုစုပေါင်း ချင်းစစ်ရှောင်ပြည်သူ ၄၃၀၀ ဝန်းကျင်ရှိကြောင်းသိရသည်။

https://khonumthung.org/?p=9517

*****************

## ၉။ လယ်မြေပိုင်ရှင်များ၏ သဘောတူညီချက်မရှိဘဲ နွယ်ချောင်းဆည်တည်ဆောက်ရန် ပြင်ဆင်မှု အာဏာရှင်အစိုးရ ဖြစ်ကြောင်းဖော်ပြနေဟု လယ်မြေပိုင်ရှင်များပြော

(November 26, 2020)

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လယ်ယာမြေပိုင်ရှင်များ၏ သဘောတူညီမှုမရှိဘဲ ဟားခါးမြို့တွင် နွယ်ချောင်းဆည်ရေလှောင်တမံစီမံကိန်းအကောင်အထည်ဖော်ဆောင်ရန် ဆက်လက်လုပ်ဆောင်နေမှုမှာ ယခုလက်ရှိအစိုးရသည် အာဏာရှင်အစိုးရဖြစ်ကြောင်းကို ဖော်ပြနေသည်ဟု လယ်ယာမြေပိုင်းများက ကြေညာချက်တစ်စောင်ထုတ်ပြန်ကာ ပြောဆိုလိုက်သည်။

ချင်းပြည်နယ်အစိုးရအဖွဲ့သည် နွယ်ချောင်းဆည်ရေလှောင်တမံစီမံကိန်းကို ဟားခါးမြို့ရှိ ပြည်သူများသောက်သုံးရေ လုံလုံလောက်လောက်ရရှိနိုင်ရေးအတွက်ဟုဆိုကာ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း (၂၀၀၀) ဖြင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ (ခန့်မှန်း) တွင် စတင်တည်ဆောက်ရန် ပြင်ဆင်နေသော်လည်း လယ်မြေပိုင်ရှင်များမှ ယခုအချိန်ထိ သဘောတူခြင်းမရှိသေးကြောင်းသိရသည်။ လယ်ပိုင်ရှင်များ၏ ထုတ်ပြန်ချက်တွင် လယ်မြေ၊ ယာမြေ၊ ငါးမွေးကန်၊ ကျွဲနွားမွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်း ပြုနေရသည့် တောင်သူလယ်သမားများအနေဖြင့် အစိုးရဘက်မှ များပြားသည့် ငွေကြေးပမာဏဖြင့် လျော်ကြေးပေးလာပါကလည်း ဘိုးဘွားစဉ်ဆက် နေထိုင်လုပ်ကိုင်စားသောက်နေရသည့် လယ်မြေဖြစ်သဖြင့် နွယ်ချောင်းဆည်ရေလှောင်တမံတည်ဆောက်မည့် စီမံကိန်းအား ထာဝရကန့်ကွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းရေးသားထားသည်။

နွယ်ချောင်းဆည် ရေလှောင်တမံစီမံကိန်းကို ဟားခါးမြို့၏ တစ်မိုင်ခန့်အကွာ ချောင်း(၃)ခုဆုံရာ နေရာတွင် တည်ဆောက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလမှာ (၃) နှစ်ခန့်ကြာမည်ဖြစ်ကြောင်းသိရသည်။ https://khonumthung.org/?p=9507

******************

## ၁၀။ ပလက်ဝမြို့နယ်တွင် အင်တာနက်ကွန်ယက် 4G ပြန်ဖွင့်ပေးရန် ဒေသခံများလိုလား

(NOVEMBER 26, 2020)

ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်တွင် ဆက်သွယ်ရေးအင်တာနက်လိုင်းကို အစိုးရက ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီးဟု ဆိုသော်လည်း အင်တာနက်လိုင်းမှာ 2G အဆင့်သာရှိ၍ အသုံးပြုမရသောကြောင့် အင်တာနက် 4G ပြန်လည်ဖွင့်ပေး ရန် ပလက်ဝဒေသခံများကလိုလားနေကြသည်။

ပလက်ဝမြို့နယ်သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT အော်ပရေတာကတ်များကို အဓိကအသုံးပြုနေကြပြီး ယခုလက်ရှိတွင် အင်တာနက် 2G ကွန်ယက်အဆင့်သာရှိသည့်အတွက် အင်တာနက်ကိုအသုံး၍အလုပ်လုပ်ရသည့် လုပ်ငန်းမှန်သမျှ အခက်အခဲနှင့်ရင်ဆိုင်နေကြရသည်ဟု ပလက်ဝမြို့ချင်းအမျိုးသမီးအဖွဲ့မှ ဆရာမအောင်မဖြူ ကပြောသည်။ ယခုကဲ့သို့ အင်တာနက်လိုင်းအဆင်မပြေသည့်အတွက် ပလက်ဝမြို့တွင် အင်တာနက်အသုံးပြု၍ ပြည်တွင်းငွေလွှဲငွေထုတ် Wave money လည်းအသုံးပြုမရသလို ပလက်ဝမြို့ပေါ်ရှိ CB ဘဏ်ခွဲမှာလည်း ရပ်နားထားရပြီး မြန်မာ့စီးပွားဘဏ်သာ အသုံးပြုနိုင်သည်ဟု သိရသည်။

အဆိုပါအင်တာနက်ပိတ်ပင်မှုသည် ကမ္ဘာ့အရှည်ကြာဆုံးအင်တာနက်ပိတ်ပင်မှုအဖြစ် စံချိန်တင်ခဲ့ရပြီး ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ အင်တာနက်လိုင်းပြန်ဖွင့်ရေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့ပြီးဖြစ်သော်လည်း ယနေ့အချိန်ထိ အစိုးရမှ အင်တာနက်လိုင်း 4G ကွန်ယက်အပြည့်ဖြင့် ပြန်လည်ဖွင့်လှစ်ခြင်းမရှိသေးပေ။ https://khonumthung.org/?p=9520

****************

## ၁၁။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် ဦးထိုက်ဇော်လုပ်ကြံခံရမှု အထူးအမှုစစ်အဖွဲ့ စတင်စစ်ဆေး

(နိုဝင်ဘာ ၂၅ ၂၀၂၀)

ရွေးကောက်ပွဲအနိုင်ရလွှတ်တော်ကိုယ်စားလှယ် ဦးထိုက်ဇော်လုပ်ကြံသတ်ဖြတ်ခံခဲ့ရမှုနှင့် ပတ်သက်ပြီး အထူးအမှုစစ်အဖွဲ့မှ အခင်းဖြစ်ပွားရာ နေအိမ်သို့ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ပထမဆုံးအကြိမ် လာရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း ဦးထိုက်ဇော်၏ သားဖြစ်သူ ကိုသူရဇော်က မဇ္ဈိမကို ပြောသည်။

NLD ပါတီမှ အနိုင်ရအမျိုးသားလွှတ်တော်ကိုယ်စားလှယ်လုပ်ကြံသတ်ဖြတ်ခံခဲ့ရမှုနှင့်ပတ်သက်ပြီး တရားခံကို ဥပဒေအရ စုံစမ်းဖော်ထုတ်အရေးယူပေးရန်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (NLD)၊ ရှမ်းတိုင်း ရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) နှင့် တအာင်းပလောင် အမျိုးသားပါတီ (TNP) အပါအဝင် နိုင်ငံရေးပါတီအချို့က ကြေညာချက်ထုတ်ပြန် တောင်းဆိုထားသည်။

ကျောက်မဲမြို့တွင် ယခုကဲ့သို့ လုပ်ကြံသတ်ဖြတ်ခံရမှုများ မကြာခဏဖြစ်ပေါ်ခဲ့ပြီး လုပ်ကြံခံခဲ့ရသူများထဲတွင် နိုင်ငံရေးပါတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရဟန်းသံဃာများနှင့် သာမန်အရပ်သားများလည်း ပါဝင်သည်။ ကျောက်မဲမြို့မှာပင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် SNLD ပါတီဝင် ငါးဦးထက်မနည်းလုပ်ကြံပစ်သတ်ခံခဲ့ရကြောင်းလည်း ပါတီဘက်မှ သိရ

သည်။ ဦးထိုက်ဇော်လုပ်ကြံခံခဲ့ရသည့်ဖြစ်စဉ်နှင့် ပတ်သက်၍ ကျောက်မဲမြို့မရဲစခန်းသို့ မဇ္ဈိမမှ ဖုန်းဖြင့် အကြိမ်ကြိမ် ဆက်သွယ်ခဲ့သော်လည်း ဖုန်းလက်ခံဖြေကြားခြင်းမရှိခဲ့ပါ။ http://www.mizzimaburmese.com/article/76003

*******************

## ၁၂။ မိုးကုတ်မြို့တွင် ပစ်ခတ်သံများ ကြားနေရ

(November 24 2020)

အင်္ဂါနေ့ ည ၇ နာရီဝန်းကျင်ခန့်တွင် မိုးကုတ်မြို့အနီး ခတ်တော်တောင်နားတွင် တပ်မတော်နှင့် တအာန်းအမျိုးသား လွတ်မြောက်ရေးတပ် (TNLA) တို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် မိုးကုတ်မြို့ပေါ်မှပင် ပစ်ခတ်သံတွေ၊ လက်နက်ကြီးသံတွေကြားနေ ရကြောင်း ဒေသခံတွေက မဇ္ဈိမကို ပြောသည်။

တိုက်ပွဲက အင်္ဂါနေ့ ည ၇ နာရီကျော်မှသည် ည ၉နာရီထိုးခါနီးအထိဖြစ်ပွားခဲ့ပြီး ယခုအချိန်တွင်တော့ ငြိမ်သက်နေကြောင်း သိရသည်။

မိုးကုတ်မြို့ အနီးတစ်ဝိုက်က ကျေးရွာတစ်ချို့က ပြည်သူများတွင် တိုက်ပွဲဖြစ်နိုင်တာကို ကြိုသိ၍ မြို့ပေါ်ကနီးစပ်ရာအိမ်တွေ မှာ ရှောင်နေခဲ့ကြသည်ဟုလည်း သိရသည်။ http://www.mizzimaburmese.com/article/75948

****************

## ၁၃။ ကျိုက်မရောမြို့နယ် NLD ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်ပွဲဥပဒေဖြင့်အမှုဖွင့်

(November 26 2020)

NLD ပါတီ ကျိုက်မရောမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်အား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေဖြင့် မွန်ညီညွတ်ရေးပါတီမှ နိုဝင်ဘာ ၂၃ ရက်နေ့တွင် ချောင်းနှစ်ခွနယ်မြေ ရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်အား ရွေးကောက်ပွဲဆိုင်ရာဥပဒေ ပုဒ်မ (၆၁/၆၂) (ပ)၂၇/ ၂၀၂၀ ဖြင့် အမှုဖွင့်ထားသဖြင့် ချောင်းနှစ်ခွနယ်မြေ ရဲစခန်းမှစစ်ဆေးလျှက်ရှိကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရွေးကောက်ပွဲကျင်းပသည့်ရက် နိုဝင်ဘာ ၈ ရက်နေ့တွင် လက်ရှိပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လည်းဖြစ်သူ ဒေါ်ခင်မျိုးမြင့်က ပေါ့လောကျေးရွာမှ မဲစာရင်းမပါသည့် ရွာသူရွာသား (၁၈) ဦးကို မဲပေးနိုင်ရန်ဆောင်ရွက်ခဲ့ရာတွင် ရပ်ကျေးကော်မရှင်အဖွဲ့ကို ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း တိုင်ကြားစာတွင် ဖော်ပြထားသည်။

ရွေးကောက်ပွဲနှင့် ပတ်သက်သည့် တိုင်ကြားမှုများကို သက်ဆိုင်ရာ နယ်မြေရဲစခန်းတွင် နိုဝင်ဘာ ၉ ရက်နေ့မှ စတင်၍ ၁၅ ရက်အတွင်း တိုင်ကြားနိုင်ကြောင်း သိရသည်။

http://burmese.monnews.org/2020/11/26/%e1%80%80%e1%80%bb%e1%80%ad%e1%80%af%e1%80%80%e1

*****************

**၁၄။ NLD ပေးပို့သည့်စာအပေါ် ကြိုဆိုအသိအမှတ်ပြုသော်လည်း အကြောင်းပြန်ကြားရန် လိုအပ်လိမ့်မည်မဟုတ်ကြောင်း MUP ဆို**

(နိုဝင်ဘာ ၂၄ ၂၀၂၀)

၂၀၂၀ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီက ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအရေး တက်ကြွစွာ ပူးပေါင်းပါဝင်ရေး တိုင်းရင်းသားပါတီများအား ပေးပို့လိုက်သည့်စာမှာ နှီးဆော်စာသဘောသာဖြစ်သည့်အတွက် မွန်ညီညွတ်ရေးပါတီ MUP အနေဖြင့် ကြိုဆိုအသိအမှတ်ပြုသော်လည်း အကြောင်းပြန်ကြားရန်လိုအပ်လိမ့်မည်မဟုတ်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ်က မွန်သတင်းအေဂျင်စီသို့ ပြောသည်။

နောင်အနာဂတ်မြန်မာနိုင်ငံအတွက် ရေးရှုမည့် ပြည်ထောင်စုအရေးနှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၁၇ ရက်နေ့တွင် NLD ပါတီက မော်လမြိုင်မြို့ရှိ မွန်ညီညွတ်ရေးပါတီ MUP ရုံးသို့လာရောက်ပေးပို့ခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၂၂ ရက်နေ့က ကျင်းပခဲ့သည့် MUP ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး၌ သုံးသပ်ခဲ့ခြင်းဖြစ်သည်။

နောင်အနာဂတ်မြန်မာနိုင်ငံအတွက် ရေးရှုရမည့်ပြည်ထောင်စုအရေးကိစ္စနှင့်ပတ်သက်၍ တိုင်းရင်းသားများ၏ ရည်မှန်းချက်သည် အဖွဲ့ချုပ်၏ ရည်မှန်းချက်နှင့်တူညီကြသည်ဖြစ်ရာ အဖွဲ့ချုပ်အနေဖြင့် နောင်အနာဂတ်တွင် တိုင်းရင်းသားလူမျိုးစုများ၏ ဆန္ဒများကို အလေးထားဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် တိုင်းရင်းသားပါတီများအနေဖြင့်လည်း အဖွဲ့ချုပ်ကဖော်ဆောင မည့် ဒီမိုကရေစီဖက်ဒရယ်အရေးကို တက်တက်ကြွကြွပူးပေါင်းပါဝင်ကြလိမ့်မည်ဟုမျှော်လင့်ကြောင်း NLD ဒုဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်မောင် လက်မှတ်ရေးထိုး၍ နိုဝင်ဘာ ၁၁ ရက်နေ့စွဲဖြင့် တိုင်းရင်းသားပါတီ ၄၈ ခုသို့ စာရေးသားပေးပို့ခဲ့ ခြင်းဖြစ်သည်။ http://burmese.monnews.org/2020/11/24/

***************

**၁၅။ မူးယစ်ဆေးလာဖြတ်သူ လစဉ်တိုးများလာသဖြင့် မွန်ပြည်သစ်ပါတီသထုံခရိုင်တွင် စားနပ်ရိက္ခာနှင့်နေရာ အခက်အခဲဖြစ်**

(နိုဝင်ဘာ ၂၅ ၂၀၂၀)

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အခြေစိုက် မွန်ပြည်သစ်ပါတီ သထုံခရိုင်ဌာနချုပ်ရုံးသို့ ဆေးလာဖြတ်ကြသည့် မူးယစ်ဆေး စွဲလူငယ်များ လစဉ်အရေအတွက် တိုးများလာသဖြင့် စားနပ်ရိက္ခာနှင့် နေစရာနေရာ အခက်အခဲဖြစ်ပေါ်လာကြောင်း တွေ့ရှိရ သည်။

အဆိုပါ မူးယစ်ဆေးလာဖြတ်သူများနှင့် မူးယစ်ဆေးဝါးအမှုအခင်းဖြစ်သူများအား ၎င်းတို့၏ အနာဂတ်ဘဝကောင်းမွန်လာ စေရေး စိတ်ပိုင်းဆိုင်ရာနှင့် လူမှုကျင့်ဝတ်ပိုင်းဆိုင်ရာများ ပြုပြင်ရေးအတွက် မွန်ပြည်သစ်ပါတီ တရားရေးဌာနမှ နှစ်ပတ်တစ်ခါ လာရောက်၍ နှစ်သိမ့်ဆွေးနွေးမှုများ ပြုလုပ်ပေးလျှက်ရှိကြောင်း သိရသည်။ သို့ရာတွင် မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေ ရေးမြို့နယ် ဝယ်ဇင်ရွာအနီး တည်ဆောက်ပြီးဖြစ်သည့် မူးယစ်ဆေးဝါး ပြန်လည်ထူထောင်ရေးစခန်းမှာလည်း ကိုဗစ်ကပ် ရောဂါဖြစ်ပေါ်သဖြင့် ဖွင့်လှစ်နိုင်ခြင်း မရှိသေးပေ။

အစိုးရအထောက်အပံ့လုံးဝမပါသော အဆိုပါစခန်းကို ၂၀၁၉ နှစ်ဦးပိုင်းက စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ ခြင်းဖြစ်ပြီး မူးယစ်ဆေးစွဲသူများအား လက်ခံကုသပေးရေးနှင့် ဘဝသစ်တဖန်ပြန်လည်ထူထောင်ရေးအစီအစဉ်များ ကူညီပေး

နိုင်ရေး ရည်ရွယ်ခြင်းဖြစ်သည်။ အလားတူ မွန်ပြည်သစ်ပါတီ မော်လမြိုင်ခရိုင်နှင့် ထားဝယ်ခရိုင်ဌာနချုပ်အသီးသီးတွင် မူးယစ်ဆေးဝါးအမှုအခင်းနှင့် ဆေးလာဖြတ်သူများပြားလာသည့်အတွက် ၎င်းတို့အတွက် စားနပ်ရိက္ခာနှင့် နေထိုင်စရာနေရာ အခက်အခဲဖြစ်ပေါ်လျှက်ရှိကြောင်း သတင်းရရှိသည်။ http://burmese.monnews.org/2020/11/25/

*****************

## ၁၆။ ကျောက်တော်မြို့နယ်ဘုရားပေါင်းနှင့်တောင်ပေါက်ကျေးရွာမီးရှို့ခံရမှု နိုင်ငံပိုင်သတင်းစာများက ရေးသားမှုနှင့်ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ လွှတ်တော်ကိုယ်စားလှယ် ၃ ဦးသို့အကြောင်းပြန်

(November 26, 2020)

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် ဘုရားပေါင်းနှင့် တောင်ပေါက်ကျေးရွာမှ စက်တင်ဘာ ၃ ရက်နေ့ ညနေက နေအိမ်အများအပြား မီးရှို့ခံရမှုနှင့် ပတ်သက်ပြီး နိုင်ငံပိုင် သတင်းစာများတွင်ရေးသားမှုမှာ မြေပြင်အနေအထားနှင့် ကွဲလွဲမှုရှိနေသဖြင့် ၎င်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ပြန်ကြားရေးဝန်ကြီးဌာနသို့ အမှားပြင်ဆင်ချက် ပြုလုပ်ပေးရန် စာရေးတင်ပြခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ယမန်နေ့ နိုဝင်ဘာ ၂၄ ရက်နေ့တွင် လွှတ်တော် ကိုယ်စားလှယ်သုံးဦးသို့ စာရေး အကြောင်းပြန်ကြားလာခဲ့သည်ဟု ကျောက်တော်မြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်းက ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ အကြောင်းပြန်စာတွင် “ကျောက်တော်မြို့နယ်၊ ဘုရားပေါင်းနှင့် တောင်ပေါက် ကျေးရွာတို့တွင် မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ပြီးခဲ့သည့် စက်တင်ဘာ ၉ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် သတင်းဖော်ပြမှုအပေါ် လိုအပ်သလို ပြန်လည်သုံးသပ်ပေးပါရန် အကြောင်း ကြားလာသည့် ရည်ညွှန်းစာကို ပြီးခဲ့သည့် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ကောင်းမွန်စွာ လက်ခံ ရရှိခဲ့ပါသည်။ သတင်းဖော်ပြရာတွင် မှန်ကန်တိကျမှုရှိစေရေး၊ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ဖော်ပြရေးကို သက်ဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံပြောကြားထားပြီး ဖြစ်ပါကြောင်းနှင့် ယင်းသတင်း၏ မူလရင်းမြစ် ထံသို့လည်း ယခုကဲ့သို့ အကြောင်းကြားလာမှုကိုသိရှိပြီး လိုအပ်သလို ဆောင်ရွက်နိုင်ရေး ပေးပို့ထားပါကြောင်း အသိပေးပြန်ကြားအပ်ပါသည်” ဟု ရေးသားဖော်ပြထားသည်ဟု သိရသည်။

ဘုရားပေါင်းနှင့် တောင်ပေါက်ကျေးရွာတို့ကို ပြီးခဲ့သည့် စက်တင်ဘာ ၃ ရက်နေ့ ညနေ ၇ နာရီခန့်တွင် ရွာထဲသို့ သေနတ်ပစ်ဖောက်ဝင်လာသည့် တပ်မတော်စစ်ကြောင်းတစ်ခုက နေအိမ်များကို မီးရှို့ခဲ့ကြောင်း၊ ရွာသားများကိုလည်း အိမ်များမီးရှို့ရန် အိမ်ပြင်သို့ ခြောက်လှန့်မောင်းထုတ်ခဲ့ကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ရွာသားများက မီဒီယာများသို့ ထုတ်ဖော်ပြောဆိုထားပြီး တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင်မူ ၎င်းရွာကို AA အဖွဲ့က မီးရှို့ကြောင်း ဖော်ပြထားသည်။ ထိုသို့ မီးရှို့ခံရမှုကြောင့် ဘုရားပေါင်းတွင် အိမ်ခြေ ၁၁၀၊ တောင်ပေါက်တွင် အိမ်ခြေ ၆၉ ဆောင် မီးလောင်ပျက်စီးသွားကြောင်း ကျေးရွာသားများပြောပြချက်အရ သိရသည်။

https://www.bnionline.net/mm/news-77107

***************

## ၁၇။ အစိုးရသစ်လက်ထက် စစ်ဘေးရှောင်ကိစ္စ ဦးစားပေးအစီအစဉ်တွင် ပါရှိဟုဆို

(November 25, 2020)

လက်ရှိ ရခိုင်စစ်ဘေးရှောင်ကိစ္စမှာ အသစ်တက်လာမည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရ၏ ဦးစားပေး အစီအစဉ်တွင် ပါဝင်ကြောင်း NLD ပါတီပြောခွင့်ရသူ ဗဟိုပြန်ကြားရေးကော်မတီ အတွင်းရေးမှူး မုံရွာဦးအောင်ရှင်က နိရဉ္စရာသို့ ပြောကြားသည်။

စစ်ဘေးရှောင်များမှာ မိမိနေရပ်ပြန်နိုင်ရန် မျှော်လင့်နေကြသဖြင့် အဆိုပါစစ်ဘေးရှောင်ကိစ္စနှင့်ပတ်သက်ပြီး NLD ၏ အစိုးရ၏ သဘောထားကို မေးမြန်းစဉ် ထိုသို့ပြောကြားသွားခဲ့သည်။ ၎င်းပြင် စစ်ဘေးရှောင်များနေရပ်ပြန်နိုင်ရေးအတွက် ပထမဆုံး အပစ်ရပ်စဲရေးကို အရင်ဆုံး လုပ်ဆောင်ရန်လိုကြောင်း ဆက်လက်ပြောကြားသည်။ အဆိုပါပြောဆိုမှုနှင့်ပတ်သက်ပြီး မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းသို့ ဆက်သွယ်မေးမြန်းရာ ရခိုင်ပြည်နယ်အတွင်း ၂ နှစ်ခန့်ကြာမြင့်နေပြီဖြစ်သည့် AA နှင့် တပ်မတော်တို့နှစ်ဘက် တိုက်ပွဲများရပ်စဲကာ ငြိမ်းချမ်းရေးရမှသာ လက်ရှိအစိုးရသစ်လက်ထက်၌ စစ်ဘေး ရှောင်များ မြန်ဆန်စွာ နေရပ်သို့ ပြန်နိုင်မည်ဖြစ်ကြောင်း ပြောသည်။

ရခိုင်ပြည်နယ်တွင် စစ်ဘေးရှောင်များ နေရပ်ပြန်နေကြပြီဟု သတင်းများထွက်ပေါ်နေသော်လည်း အခြေအနေ မရေရာသေး သဖြင့် အများစုစစ်ဘေးရှောင်များမှာ နေရပ်ကို မပြန်နိုင်သေးကြဟု သိရသည်။ ရခိုင်ပြည်နယ်တွင် စစ်ပွဲကာလ (၂) နှစ်အတွင်း စစ်ဘေးရှောင်ဦးရေမှာ နှစ်သိန်းသုံးသောင်းကျော်အထိတိုးသွားခဲ့သည်ဟု ရခိုင်မျိုးနွယ်စုများ အစည်းအရုံး (REC) က အစီရင်ခံစာတွင် ဖော်ပြထားသည်။ https://www.bnionline.net/mm/news-77085

*****************

## ၁၈။ NLD က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အနိုင်ရသော်လည်း ဥက္ကဋ္ဌနေရာရရန် မသေချာ

(November 25, 2020)

ရွေးကောက်ပွဲတွင် သျှမ်းပြည်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ NLD က ၈၀ ရာခိုင်နှုန်းကျော် အနိုင်ရထားသော် လည်း အမြင့်ဆုံးအာဏာပိုင်ဖြစ်သည့် ဥက္ကဋ္ဌနေရာရရန် မသေချာကြောင်း ၎င်းပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေးကပြောသည်။

အဆိုပါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဥက္ကဋ္ဌနှင့်ဒေသဦးစီးအဖွဲ့ကို ရွေးချယ်ရာတွင် ပြည်သူ့မှရွေးချယ်ထားသည့် လွှတ်တော် ကိုယ်စားလှယ်များအပြင် တပ်မတော်သားကိုယ်စားလှယ်များပါဝင်နေသည့်အတွက် ထိုသို့ခက်ခဲနေခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌရွေးချယ်ရာတွင် အဖွဲ့ဝင်အချင်းချင်းညှိနှိုင်း၍မရပါက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၆၊ ပုဒ်မခွဲ ၁ နှင့် ၂ အရလည်းကောင်း၊ ပုဒ်မခွဲငယ် (ဃ) အရလည်းကောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့ ဥပဒေပါပုဒ်မ ၄ နှင့် အခြားပုဒ်မများအပါအဝင် ပုဒ်မ ၂၁ အရ လျှို့ဝှက်မဲပေးသည့်နည်းလမ်းဖြင့် ကျင့်သုံး၍ ရွေးချယ်ရမည်ဖြစ်သည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မြို့နယ်နှစ်မြို့နယ်သာရှိသည့်အတွက် ပြည်သူများရွေးချယ်တင်မြှောက်သည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်မှာ လေးဦးရှိပြီး အရွေးချယ်ခံမဟုတ်သည့် တပ်မတော်သား ကိုယ်စားလှယ်များအနေဖြင့် အချိုးကျ ၂၅ ရာခိုင်နှုန်းသာပါဝင်ရမည်ဆိုပါက ပါဝင်သင့်သည့် တပ်မတော်သားကိုယ်စားလှယ်မှာ တစ်ဦးတည်းသာ ဖြစ်သင့်သော်

လည်း လက်ရှိတွင်ဖွဲ့စည်းပုံအရ သုံးဦးပါဝင်သည့်အတွက် ၇၅ ရာခိုင်နှုန်းအထိ ဆုံးဖြတ်ပိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း ပင်းတယ ဒေသခံ ကိုပြည့်ပိုင်မှူးအိမ်က သုံးသပ်သည်။

၂၀၂၀ ရွေးကောက်ပွဲတွင် သျှမ်းပြည်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ပင်းတယ၊ ရွာငံမြို့နယ်များ၌ မဲဆန္ဒနယ်မြေခုနစ်နေရာရှိရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီက ခုနစ်နေရာလုံး ဝင်ရောက်ယှဉ်ပြိုင်ပြီး ခြောက်နေရာ အနိုင်ရရှိကာ ရာခိုင်နှုန်းအားဖြင့် ၈၀ ရာခိုင်နှုန်းကျော် အနိုင်ရခဲ့ခြင်းဖြစ်သည်။

https://burmese.shannews.org/archives/19619

********************

**မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။**

**** ပြီး ****